WHAT'S NEXT?
FINDING YOUR PATH IN LIFE

# ကျောင်းပြီးကာလ အကျိုးရလဒ်များ အချက်အလက် စာလွှာ

ဘဝအကူးအပြောင်း သတင်းလွှာနှင့် စစ်တမ်း

## မင်္ဂလာပါ Hoosier ကျောင်းသားကျောင်းသူများနှင့် မိသားစုများ

အထက်တန်းကျောင်း အောင်ပြီးခြင်းသည် အရွယ်ရောက်သူ လူကြီးအနေဖြင့် သင့်ဘဝအတွက် ကြီးမားသော ခြေလှမ်းတစ်ရပ် ဖြစ်သည်!

အင်ဒီယားနား တက္ကသိုလ်ရှိ အင်ဒီယားနား ပညာရေးဌာနနှင့် ကွန်မြူနတီ နေထိုင်မှုနှင့် သက်မွေးမှုလုပ်ငန်းများ စင်တာတို့အနေနှင့် အဆက်အသွယ် ဆက်ရှိနေစေလိုပါသည်။ သို့ဖြစ်၍ သင်၏ လူကြီးဘဝသို့ အကူးအပြောင်းကို ပံ့ပိုးပေးရန်နှင့် သင် အထက်တန်းကျောင်း အောင်ပြီးနောက် တစ်နှစ်အကြာမှာ ဘယ်လိုမျိုး လုပ်ကိုင်နေထိုင်နေသည်ကို သိရှိအောင် စကားပြော၍ လေ့လာရန်အတွက် ကျွန်ုပ်တို့က သင့်အား ဘဝအကူးအပြောင်း အရင်းအမြစ်များကို ကမ်းလှမ်းပေးနိုင်မည် ဖြစ်ပါသည်။

အထက်တန်းကျောင်း အောင်ပြီးချိန်မှာ IEP (သီးခြားပညာရေး ပရိုဂရမ်) တက်ထားသည့် ကျောင်းသားကျောင်းသူ အားလုံးအတွက် အလုပ်အကိုင်နှင့် ပညာရေး/သင်တန်း အကျိုးရလဒ်များနှင့် ပတ်သက်၍ ပြည်နယ်များက ဒေတာများ နှစ်စဉ် ကောက်ယူ၍ အထူးပညာရေး ပရိုဂရမ်ရုံးခန်း (OSEP) သို့ ရီပို့တင်ပြရန် လိုအပ်ပါသည်။ အထက်တန်းကျောင်း အောင်ပြီးနောက်မှာ သင်၏ အလုပ်အကိုင်၊ ပညာရေးနှင့် သင်တန်း နှင့်၊ အခြားအတွေ့အကြုံများကို ကျွန်ုပ်တို့အား ပြောပြနိုင်ရန် ရည်ရွယ်၍ ကျွန်ုပ်တို့က သင် ကျောင်းပြီးနောက် တစ်နှစ်အကြာမှာ သင့်အား ဆက်သွယ်ပါမည်။ အင်ဒီယားနား ပညာရေးဌာနသည် စစ်တမ်းမှ အချက်အလက်များကို ကျောင်းပရိုဂရမ် စီစဉ်ရာတွင် ပိုကောင်းလာစေရန်နှင့် အင်ဒီယားနားကျောင်းများရှိ အနာဂတ် ကျောင်းသားကျောင်းသူများအား ပံ့ပိုးပေးနိုင်ရန် အလို့ငှာ အသုံးပြုပါမည်။

သင်၏ လူကြီးဘဝ အကူးအပြောင်းကို ပံ့ပိုးပေးရန်အတွက်၊ ကျွန်ုပ်တို့က ***လာမည့်သတင်း ဘာလဲ? သတင်းလွှာ*** ကို သင့်ဆီ ပေးပို့လိုပါသည်။ **လစဉ် သတင်းလွှာ** တွင် အလုပ်ရှင်များနှင့် ဆက်သွယ်ခြင်း၊ သင့်အတွက် အလုပ်ဖြစ်စေသော ပံ့ပိုးမှုများကို ရှာဖွေပေးခြင်း၊ ကော်လိပ်အတန်းများ (သို့) သင်တန်း တက်ခြင်း နှင့်၊ ကျောင်းမှ လူကြီးဘဝသို့ အကူးအပြောင်းတွင် လူကြီးဖြစ်စ လူငယ်များနှင့် မိသားစုများအား ပံ့ပိုးပေးသော အေဂျင်စီများနှင့် အဖွဲ့အစည်းများကို ခွဲခြားရွေးထုတ်ပေးခြင်းနှင့် ပတ်သက်၍ အရင်းအမြစ်များနှင့် အချက်အလက်များ ပါရှိပါသည်။

အောက်ပါ QR ကုဒ်ကို စကင်ဖတ်၍ (သို့) ဤလင့် (*What's Next?* Monthly newsletter registration) ကို သုံး၍ "လာမည့်သတင်း ဘာလဲ? ဘဝအကူးအပြောင်း သတင်းလွှာကို ရရှိရန် အကောင့်ဖွင့်နိုင်ပါသည် နှင့်/(သို့) လာမည့်နှစ် စစ်တမ်းတွင် သင် ပါဝင်လိုသည့် နှစ်သက်ရာ နည်းလမ်းကို ကျွန်ုပ်တို့အား အသိပေးနိုင်ပါသည်။

သင့်ကိုယ်ရေးလုံခြုံမှုကို အလေးအနက်ထားပါသည်။ သင့်အချက်အလက်ကို ထုတ်ရောင်းမည် (သို့) မျှဝေမည် မဟုတ်ပါ။ အချက်အလက်များကို ကျောင်းပြီးကာလ အကျိုးရလဒ်များ စစ်တမ်းနှင့် ပတ်သက်၍ သင့်အား ဆက်သွယ်ရန် (သို့) ***လာမည့်သတင်း ဘာလဲ? လစဉ် ဘဝအကူးအပြောင်း သတင်းလွှာ*** အား သင့်ဆီ ပေးပို့ရန်အတွက်သာ သုံးပါသည်။

ရိုးသားစွာဖြင့်

Indiana DEPARTMENT OF EDUCATION

INDIANA INSTITUTE ON DISABILITY AND COMMUNITY
CENTER ON COMMUNITY LIVING AND CAREERS